သက်ရှည်ကန်ကျေးရွာ

ဘုတလင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ – ၂၀၁၉)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ညောင်ပင်တဲကျေးရွာ၊ မုံရွာမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ မတ် လ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

ညောင်ပင်တဲကျေးရွာသယံဇာတပြမြေပုံ၊ မုံရွာမြို့နယ် ၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် **၉**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၉

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၁

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၂

(၈) ဦးစားပေးစီမံချက်များနှင့်၄ အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၄

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၅
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၇
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
(ဃ) ကိုးကားစာရင်း

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၀

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့် အများဆုံးလုပ်ခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု(၂) ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**
ဇယား ၁၄ ကျေးရွာ၏ ရေရင်းမြစ် နှင့် **ရေသွင်းဇရိယာ**
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**
ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၁ **မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ**
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ **ပြဿနာနှင့်အခက်အခဲ**များ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား **၃၀** မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ **ပညာရေး** အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ **အဖြစ်များသော** ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု
ဇယား ၃၈ အိမ်သာအမျိုးအစာ

ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ
ဇယား **၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး**
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား **၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၆

ဇယား ၄၉ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် ၆၆

ဇယား ၅၀ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့ဝင်စာရင်း ၆၈

ကိုးကားစာရင်း ၆၉

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်အတွင်း ကျွန်ုပ်တို့ မငွေးပြင် ကျေးရွာအုပ်စု၊ သက်ရှည်ကန်ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျေးရွာ၏ ပထမဦးဆုံး သော ကျေးရွာမှလူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေ ဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိ ပါ သည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုအများ စနစ်တကျပူးပေါင်း ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်း ကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်း ဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်းကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက် အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး ဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင် မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

၂၀၁၈။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

သက်ရှည်ကန်ကျေးရွာ


မငွေးပြင်ကျေးရွာအုပ်စု

ဘုတလင်မြို့နယ်

ကျေးရွာနှင့် သယံဇာတပြမြေပုံ

ညောင်ပင်တဲကျေးရွာ၊ တောင်ကြားကျေးရွာအုပ်စု၊ မုံရွာမြို့နယ်

ရေးဆွဲသည့်ရက်စွဲ (၂၇.၁၂.၂၀၁၇)



ရေးဆွဲသူအမည်- ဦးမျိုးဇော်ဝင်း

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင်ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိ စေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျန့်ပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

သက်ရှည်ကန်ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၏ တောင်ဘက်တွင် ၂ မိုင် ခန့်အကွာတွင် တည်ရှိသည်။ ကျေးရွာသည် တောင်ကုန်းပေါ်တွင် တည်ရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းများအဖြစ်ကြသည်။ တစ်နှစ်ပျမ်းမျှ မိုးရေချိန်မှာ လက်မ ၄၀ မှ ၆၀ ကြားရွာသွန်း လေ့ရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် သင့်တော်သော အခြေ နေဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

လယ်မြေနှင့် တောင်ယာမြေအသင့်အတင့်ရှိကြပြီး မြေဆီဩဇာကောင်းပါသည်။ ရွာအနီးရှိ ကျောက်အေးမြေများကို ချောင်းရေဖြင့် ယာမြေကေ ၄၀ ဧကကို ရေသွင်းစိုက်ပျိုးပြီး ပဲစဉ်းငုံ ကို အဓိက သီးနှံ အဖြစ် စိုက်ပျိုးသည်။ ယာခင်းထဲရှိ အဝိစိတွင်းများမှလည်း ယာမြေကေ ၁၀ ဧကာ ကို စိုက်ပျိုးပါသည်။ ပဲစဉ်းငုံ၊ ဝါအဓိကစိုက်ပျိုး၍ ကွမ်းခြံ၊ ခရမ်းချဉ် စိုက်ခင်းများလည်း အနည်းငယ် စိုက်ပျိုးကြပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

သက်ရှည်ကန်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၀၀)စု နှင့် ကျား(၁၈၄)၊ မ(၂၄၀)ဦးဖြင့် လူဦးရေ ပေါင်း(၄၂၄)ဦး ရှိပါသည်။တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေသည် (၄)ဦးနှုန်းခန့် ရှိသည်။ ကျေးရွာတွင် ဗမာအများစုနေထိုင်ကြပြီး ဗုဒ္ဓဘာသာ ကိုးကွယ်ကြသည်။ ကျေးရွာတွင် စုစုပေါင်းလူဦးရေ၏(၈၀%)သည် အလုပ်လုပ်နိုင်သော လူဦးရေဖြစ်ပြီး၊ မှီခိုသူလူဦးရေသည် (၁၀%) ရှိပါသည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသားဦးရေထက် အမျိုးသမီးဦးရေသည် အနည်းငယ်ခန့်ပိုများသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

စိုက်ပျိုးရေးလုပ်ငန်းသည် ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာသူ၊ကျေးရွာသား များ၏ ကိုယ်တိုင်ဆန်းစစ် အကဲဖြတ်သော ဥစ္စာဓနခွဲခြားမှုနည်းလမ်းအရ ဆင်းရဲ ချမ်းသာအဆင့် သတ်မှတ်မှု တွင် အိမ်ထောင်စုအားလုံး၏ (၃၉%)သည် ဆင်းရဲသော အိမ်ထောင်စုအဆင့်နှင့် (၂၆%) သည် အလွန် ဆင်းရဲသောအိမ်ထောင်စု အဆင့်အဖြစ် ခံယူကြပြီး (၁၁%)သည် ချမ်းသာသည့်အဆင့်၊ (၂၄%) သည် အလယ် အလတ်အိမ်ထောင်စု အဆင့်ရှိကြသည်ဟု ခံယူကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ညောင်ပင်တဲကျေးရွာ၏ ဥစ္စာကြွယ်ဝမှုအဆင့် "၃" အိမ်ထောင်စုများ၏ (၃၉%) နှင့် အဆင့်"၄" အိမ်ထောင်စုများ၏ (၂၆%) ကို ဝမ်းစာဖူလုံမှုနှင့်အကြွေးတင်ရှိမှု စစ်တမ်း ကောက်ယူမှုအရ "၃" နှင့် "၄"အိမ်ထောင်စု စုစုပေါင်းအနက်မှ စံအဖြစ်ကောက်ယူ လေ့လာထားသောအိမ်ထောင်စု (၄၀) စု လုံးသည် ဝမ်းစာမူဖူလုံမှုရှိကြောင်းတွေ့ရသည်။ ၎င်းအိမ်ထောင်စုများသည် အကြွေးတင်ရှိမှုမရှိဟုလည်း ဆိုကြသည်။ ယာများတွင် ပဲစဉ်းငုံ၊ ဝါတို့ စိုက်ချိန်နှင့် ရိတ်သိမ်းချိန်များတွင် နေ့စားအငှားလိုက်ခြင်း၊ ကျောက်ထုခြင်း လုပ်ငန်းများ လုပ်ကိုင်ကာ ဝမ်စာအတွက် ဖူလုံမှုရှိသည်ဟု ဆိုကြသည်။ ဝမ်စာဖူလုံမှုမရှိသော အိမ်ထောင်စုများသည် မိတ်ဆွေနှင့် ဆွေမျိုးများထံမှ ချေးယူခြင်း၊ လုပ်အားခကြိုယူခြင်းဖြင့် ဖြေရှင်းလေ့ရှိကြောင်း သိရပါသည်။ ထို့ပြင် တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ကွမ်းခြံ၊ ခရမ်းချဉ်၊ ခရမ်းသီး စိုက်ခင်းများတွင် နေ့စားလုပ်ခြင်းဖြင့် စားဝတ်နေရေး ဖြေရှင်းကြသည်ဟု သိရပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ညောင်ပင်တဲကျေးရွာတွင် ကျေးရွာသူ/သားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုမှာလည်း ကျန်းမာရေးကောင်းကြသည်။ သက်ကြီးရွယ်အိုများတွင် သွေးတိုးရောဂါ အဖြစ်များပါသည်။ ဝမ်းပျက်ဝမ်းလျော၊ ငှက်ဖျား၊ တီဘီ၊ အာဟာရ ချို့တဲမှု ရောဂါများလည်း ရံဖန်ရံခါ ဖြစ်ပွားမှုရှိပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်း တို့သည်လည်း တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိပညာများ အားနည်းကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျောက္ကာကျေးရွာ ကျေးလက် ကျန်းမားရေးဌာန၊ မုံရွာပြည်သူ့ဆေးရုံ၊ ဆေးခန်းနှင့် ဆေးဆိုင် များမှ ရရှိပါသည်။ အများအားဖြင့် ကျေးရွာမှလူများသည် မုံရွာမြို့၌ရှိသော မုံရွာပြည်သူ့ဆေးရုံ၊ ပုဂ္ဂလိကဆေးရုံနှင့် ဆေးခန်းများသို့ ကျန်းမာရေး စောင့်ရှောက်ခြင်းများ ရရှိပါသည်။

ကျေးရွာတွင် 'အေးမြသီတာ' မိုးရေလှောင်ကန်မှ ရေရရှိပြီး နွေရာသီ မိုးရေလှောင်ကန်မှ ရေခန်းခြောက်လျှင် စိမ်စမ်းရေဖြင့် အလားတူ ကျောက်ခွက်ချောင်းမှ သောက်သုံးရေရယူသဖြင့် ကျေးရွာတွင် သောက်ရေ/သုံးရေ ဖူလုံကြောင်းတွေ့ရှိရပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိပါသည်။ အလယ်တန်း အဆင့်ထိသာ တက်ရောက်မှုများကြောင်း တွေ့ရှိရပါသည်။ ရွာသူ/သားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်များကိုသာ တက်မြောက်ကြသည်။ ကျေးရွာတွင် အထက်တန်းပညာရေးကို ကျေးရွာမှ ၉ မိုင် ကွာဝေးသော

ကျောက္ကာကျေးရွာမှ အထက်တန်းကျောင်းသို့ တက်ရောက် သင်ကြားနိုင်သော်လည်း တက်ရောက်သူဦးရေ နည်းပါးပါသည်။

(စ) ကျား-မရေးရာ

ညောင်ပင်တဲကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမ ဆိုင်ရာတာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ် ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံ ခြင်း ကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် ရှေးရိုးထုံးတမ်းကိုစွဲကိုင်လျက်ရှိပြီး အများအားဖြင့် အမျိုးသားများက ဦးဆောင်လျက် ရှိသည်။ ကျေးရွာ၏ လူဦးရေဆိုင်ရာ အချက်အလက်များအရ အမျိုးသားအရေအတွက်သည် အမျိုးသမီး လူဦးရေထက် အနည်းငယ် နည်းကြောင်းတွေ့ရသည်။ သာမန်အားဖြင့်ပညာရေးနှင့် အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ကျေးရွာတွင် နေ့ထွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုမှာ အလွန်လျော့နည်း လျက် ရှိသည်။ ကျား - မ တန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာ ပေးခြင်းများ မြင့်တင်ဆောင်ရွက် ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့ ဖွဲ့စည်းထားရှိပါသည်။ထိုအဖွဲ့သည် ကျားမဦးရေ တန်းတူပါဝင်၍ တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် ဝေယျာဝစ္စ အဖွဲ့၊ အရံမီးသတ်၊ ကျောင်းကော်မတီ၊ ရေကော်မတီနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့များ ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် မိန်းကလေးများ ပါဝင်လုပ်ဆောင်မှု နည်းပါး ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် ပဲဇဉ်းငုံ၊ ဝါ တို့ကိုအဓိကထား စိုက်ပျိုးကြပါသည်။ ယာစိုက်ဧက (၈၄၆) ဧက ဥယာဉ်ခြံမြေ (၁)ဧက၊ စားကျက်မြေ (၁) ဧက၊ မြေလွတ် မြေလပ် (၇၂)ဧက ရှိပါသည်။ ယာခင်း၏ ပဲဇဉ်းငုံတစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ရာသီဥတုကောင်းလျှင် (၅) တင်း ထွက်ရှိပြီး ဝါတစ်ဧကပျမ်းမျှ အထွက်နှုန်းမှာ(၄၅) ပိဿာ ထွက်ရှိပါသည်။ ပဲဇဉ်းငုံနှင့် ဝါ ရိတ်သိမ်းပြီးချိန်များတွင် ကုလားပဲကို အိမ်တွင် စားလောက်ရုံသာ စိုက်ပျိုးကြပါသည်။ တချို့အိမ်ထောင်စုများသည် ယာခင်းများထဲတွင် ရေတွင်းများတူးကာ ခရမ်းချဉ်၊ ခရမ်းသီး၊ ကွမ်းခြံများလည်း ရေသွင်းစိုက်ပျိုးကြပါသည်။ ကျေးရွာတွင် အိမ်ခြေ ၁၅၀ မှာ အိမ်ခြေ ၁၀၀ လောက်က ကွမ်းခြံစိုက်ပျိုးကြပါသည်။ ကွမ်းဈေးသည် ယခုလက်ရှိ အချိန်အတွင် တစ်ပိဿာ ၇၀၀၀

ကျပ်နှုန်းဖြင့် ဈေးအသင့်အတင့် ရောင်းချရပါသည်။ ဈေးကောင်းချိန်တွင် တစ်ပိဿာ ၁၉၅၀၀ ကျပ်ထိ ဈေးရှိပါသည်။ တစ်ခါတစ်ရံ ဈေးကျလျှင် တစ်ပိဿာ ၁၀၀၀၀ ကျပ်နှုန်းသာ ရောင်းချကြရပါသည်။ ကွမ်းခြံသည် (၈) နှစ်သက်တမ်းရှိပါသည်။ ကျောက်ခွက်ချောင်းနှင့် နီးစပ်သော ယာခင်းများတွင် ရေသွင်း၍လည်း စိုက်ပျိုးရေးလုပ်ငန်းများအား တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြပါသည်။ တောင်သူအများစုသည် စိုက်ပျိုးရေးလုပ်ငန်းတွင် မိရိုးဖလာနည်းလမ်းကိုသာ အများဆုံးအသုံးပြုကြသည်။

ကျေးရွာတွင် နွားမွေးသောအိမ်ထောင်စုအရေအတွက်မှာ ၄၂ အိမ်ထောင်စုရှိပြီး ဒေသနွားများကို မွေးမြူကြသည်။ ဆိတ်မွေးသော အိမ်ထောင်စု (၅) စုရှိပါသည်။ သိုးမွေးသော အိမ်ထောင်စု (၁) စု ရှိပါသည်။ ကျေးရွာတွင် ဆိတ်နှင့် သိုးများကို စီးပွားဖြစ် မွေးမြူကြပါသည်။ ဝက်မွေးသူ (၄) အိမ်ထောင်စု၊ ကြက်မွေးသူ (၃) အိမ်ထောင်စုနှင့် နွားနောက်မွေးသူ (၄) အိမ်ထောင်စုရှိပါသည်။ ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် အတွက် ရေရှားပါခြင်း၊ သဘာဝမြေအနေအထား အဆင်မပြေသောကြောင့် စီးပွားဖြစ် ငါးမွေးမြူရေးလုပ်ငန်းများ မရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ ယာမြေများ မကောင်းခြင်းကြောင့် သီးနှံအထွက်နှုန်းနည်းကာ ကျေးရွာတွင် စားလောက်ရုံသာ ဖူလုံပါသည်။ ကျောက်ထုခြင်းလုပ်ငန်းတွင် နေ့စားအလုပ်လုပ်ကိုင်ခြင်းကြောင့် ဝင်ငွေရရှိပါသည်။ အိမ်တွင်ကုန်စုံဆိုင်ဖွင့်၍ ဈေးရောင်းသော အိမ်ထောင်စု များလည်း ရှိပါသည်။ ပန်းရံ၊ လက်သမားအဖြစ် လုပ်ကိုင်သူများလည်းရှိသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေမှာစုစုပေါင်းလူဦးရေ၏ထက်ဝက်ခန့်ရှိကာ ကျေးရွာ၏ အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများဖြစ်သော အပ်ချုပ်စက်၊ ခြင်းရက်သင်တန်း၊ လူသုံးကုန်ထုတ်လုပ်နည်းသင်တန်း၊ အလှပြင်အခြေခံသင်တန်း၊ အခြေခံဝါးလက်မှုထည်၊ ပန်းရံလက်သမားလုပ်ငန်း၊ ယက္ကန်းရက်သင်တန်းများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တက်ရောက်နိုင်ပါသည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်ခြင်းဖြင့် ကျေးရွာ၏ အလုပ်အကိုင်အခွင့်အလမ်းကို အထောက်အကူပြုစေမည်ဖြစ်ပါသည်။

(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ညောင်ပင်တဲကျေးရွာတွင် တောင်သူများသည် ဓါတုပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာသုံးစွဲမှု နည်းပါး၍ သဘာဝမြေဩဇာဖြစ်သည့် နွားချေးတို့ကိုသာ အသုံးပြုကြသည်။ စွန့်ပစ် ပစ္စည်းစီမံခန့်ခွဲမှုတွင် ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

(ဂ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် စိုက်ဘဏ်နှင့် သမဘဏ်မှ ကာလတိုချေးငွေများ ထုတ်ချေးပေးပါသည်။ ကျေးရွာတွင် ဆွေမျိုးနှင့် ရင်းနှီးသူများထံတွင်လည်း အာမခံဖြင့် ချေးယူကြပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ညောင်ပင်တဲကျေးရွာတွင် အလယ်တန်းကျောင်းတစ်ကျောင်း ရှိပါသည်။ အဆိုပါ အလယ်ကျောင်းသည် ကျေးရွာအတွင်းသာ တည်ရှိသဖြင့် သွားရေးလာရေး အလွန်အဆင်ပြေပါသည်။ ကျေးရွာတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်ကြပါသည်။ ကျေးရွာတွင် ကျောင်းသားများသည် မူလတန်းနှင့် အလယ်တန်းပညာကိုသာ ပြီးဆုံးအောင်သင်ကြားကြပြီး အထက်တန်းပညာကို ဆက်လက်မတက်ရောက်ဘဲ ယာလုပ်ငန်းကိုသာ လုပ်ကိုင်ကြပါသည်။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများလည်းရှိပါသည်။ စာသင်ကျောင်းတွင် ကျောင်းသားလူဦးရေများပြားခြင်းကြောင့် စာသင်ခုံမလုံလောက်ခြင်း ကျောင်းဆောင်၊ ပရိဘောဂများ ပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ လုံလောက်မှုမရှိပါ။ ဆင်းရဲသော မိသားစုများသည် ကျောင်းစရိတ်မတက်နိုင်သဖြင့် မူလတန်း အောင်မြင်ပြီးလျှင် ပညာဆက်လက်မသင်ယူပဲ စားဝတ်နေရေးနှင့် ငွေကြေးအတွက် ကျောက်ထုအင်္ဂါးလိုက်ခြင်း၊ ယာများလုပ်ကိုင်ခြင်းနှင့် ကွမ်းခြံများတွင် ကွမ်းရွက်ခူခြင်း လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ တက္ကသိုလ်ကျောင်းဆက်တက်သော ကျောင်းသား အလွန်နည်းပါးပါသည်။

ကျေးရွာအတွင်းတွင် ကျေးလက်ကျန်းမာရေးဌာန တည်ရှိပါသည်။ ကျေးလက်ဆေးပေးခန်း ရှိသော်လည်း ဆေးကုသရန် ကျန်းမာရေးဆရာ/ဆရာမများ မရှိပါ။ ကျေးရွာတွင် သွေးတိုးနှင့် လေဖြတ် အများဆုံးဖြစ်ကြပါသည်။ ကိုယ်ဝန်ဆောင်နှင့်ကလေးများအား ကာကွယ်ဆေးကို တောင်ကြားကျေးရွာအုပ်စု ကျေးလက် ကျန်းမာရေးဆရာမများမှ လာရောက်ထိုးပေးပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ကျေးရွာတွင် ရောဂါဖြစ်ပါက ဆေးကုသမှုခံယူရန် မုံရွာမြို့ရှိ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသ ကြပါသည်။ ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုများကို ကျေးရွာအုပ်စု ကျန်းမာရေးဌာန၊ မုံရွာမြို့နယ် ပြည်သူ့ဆေးရုံနှင့် ဆေးခန်းများမှ ရရှိပါသည်။

ကျေးရွာတွင် သောက်သုံးရေအဖြစ် ရွာအဝင် မြေသားရေလှောင်ကန်မှ သွားရောက်သယ်ယူ အသုံးပြုပါသည်။ ထိုမြေသားရေကန်မှ မိုးရာသီနှင့် ဆောင်းရာသီတွင် ရေရရှိပြီး နွေရာသီ ရေခန်းခြောက်လျှင် ကျောက်ခွက် ချောင်းရေမှ ရေကို သောက်သုံးရေအဖြစ် ဆက်လက်အသုံးပြုပါသည်။ ကျေးရွာစာသင်ကျောင်းအတွင်းရှိ ရေစုကန်မှလည်း အိမ်တိုင်ရာရောက် ရေပေးဝေခြင်းကြောင့် ကျေးရွာတွင် တစ်နှစ်ပတ်လုံး ရေဖူလုံမှုရှိပါသည်။ ယင်လုံအိမ်သာကို အများဆုံး အသုံးပြုကြပါသည်။ အမှိုက်ကို ရွာအနောက်တွင်သာ စုပုံစွန့်ပစ်ကြပြီး သန့်ရှင်းကောင်းမွန် လာအောင် လုပ်ဆောင်ရန် လိုအပ်သောအနေအထားဖြစ်ပါသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ညောင်ပင်တဲကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့် မရှိပေ။ ကျေးရွာတွင် ရိုးရာဓလေ့ဘုရားပွဲတော်များတွင် ကျေးရွာ လူငယ်များအားလုံးပါဝင်ဆင်နွှဲကြပါသည်။ စာပေနှင့် ယဉ်ကျေးမှုအပိုင်းတွင်လည်း လူငယ်များ ပါဝင်မှုအားကောင်းပါသည်။ သို့သော် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် လူငယ်များပါဝင်လုပ်ဆောင်မှု အတင့်အသင့်ရှိပါသည်။

(ဇ) အခြေခံ အဆောက်အဦ – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ညောင်ပင်တဲကျေးရွာ ရွာအဝင်လမ်းသည် မြေသားလမ်းဖြစ်ကာ ဖုန်ထူ၍ မိုးရွာလျှင် လမ်းများမှာ ရွံ့စေးများဖြစ်ကာ သွားလာရခက်ခဲပါသည်။ ယခုအခါ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း (VDP) ဖြင့် ကျေးရွာအဝင်လမ်း (၂၂၀၀'×၁၂'×၉") ဂျင်းလမ်းခင်းခြင်း လုပ်ငန်းအား ကျေးရွာဖွံ့ဖြိုးရေးကော်မတီများကိုယ်တိုင် လုပ်ဆောင်ကြပါသည်။ ကျေးရွာသွားလမ်းတွင် ရေပြွန် (၁) ခုရှိပါသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိပဲ လမ်းပမ်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် အစီး(၁၁၆)၊ သုံးဘီး (၁)စီးနှင့် ကား(၁)စီး အသုံးပြုလျက်ရှိသည်။

ကျေးရွာရှိ အိမ်ထောင်စုများသည် ဆိုလာပြားဖြင့် လျှပ်စစ်မီးသုံးစွဲပါသည်။ ကျေးရွာတွင် မဟာ ဓါတ်အားလိုင်း မရှိပါ။ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ဖြင့် ဒိုင်နမိုတပ်ဆင်ခြင်းဖြင့် ကျေးရွာတွင် မီးရရှိပါသည်။ ယခုအခါ ဖယောင်းတိုင်မီးများကိုသာ အသုံးပြုကြပါသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ အင်တာနက်အသုံးပြုနိုင်မှုရှိပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက် အသုံးပြုနိုင်သည်။ကျေးရွာရှိ အိမ်ထောင်စုတိုင်း တယ်လီဖုန်းများရှိခြင်းကြောင့် သတင်းဆက်သွယ်ရေးမှာ အလွန်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ မြို့နယ်ဌာနများသို့ ဆက်သွယ်ရာတွင် အဓိကအားဖြင့် တယ်လီဖုန်း၊ ကျေးရွာသူကြီး၊ ကျေးရွာစာရေးတို့မှတဆင့် ဆက်သွယ်ကြပါသည်။

ဆက်သွယ်ရေးအတွက် အမ်ပီတီ၊ အမ်အီးစီ၊ တယ်လီနော၊ အော်ဒီဒူး၊ ဖုန်းလိုင်းများကို အသုံးပြုကြပြီး အိမ်ထောင်စုတိုင်း တယ်လီဖုန်း သုံးစွဲလျက်ရှိပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြု နိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက် အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်သည်ဟု မယူဆခြင်း၊ ဗဟုသုတမရှိခြင်းတို့ကြောင့်

ချိတ်ဆက်ဆောင်ရွက်သူမရှိသလောက်ပင် ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် ကျရောက်လေ့ မရှိသဖြင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေး အစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ကျေးရွာသား များသည် (၁၅)မိုင် ခန့်အကွာရှိ မုံရွာမြို့နယ်ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွါးခြင်း နည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

သဘာဝအရင်းအမြစ်များတွင် ယာမြေများသည် ကျောက်ကုန်းမြေများဖြစ်ပြီး မြေဆီဩဇာ မကောင်းပါ။ ရာသီဥတုကောင်းမွန်ပြီး ရာသီပေါ်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းနိုင်ပါသည်။ ကျေးရွာတွင် ကျောက်ခွက်ချောင်း၊ ရေတွင်းများတူးကာ ကွမ်းခြံများ ရေသွင်းစိုက်ပျိုးနိုင်သည်။ အနီးပတ်ဝန်းကျင်တွင် လမ်းခင်းကျောက်ထုတ်ယူရန် ကျောက်တောင်များရှိပြီး လမ်းခင်းရာတွင် အသုံးပြုနိုင်သည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် စျေးကွက်ကောင်းသည် အထူးသဖြင့် နွား၊ ဆိတ်၊ သိုး၊ ကြက်နှင့်ဝက်ကို တိုးချဲ့မွေးမြူရန်အခွင့်အလမ်းသာသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှု ဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် သုံးစွဲသူ အသင့်အတင့်ရှိပါသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြား သယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်း တိုးမြင့် အောင် အားစိုက်ရပေမည်။

စိုက်ပျိုးသီးနှံထုတ်လုပ်မှုတွင် မိရိုးဖလာနည်းကိုသာ အသုံးပြုမှုများပြားပြီး သက်ဆိုင်ရာဌာနဖြင့် ချိတ်ဆက်မှုနည်းပါးသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားကုန်ထုတ် လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် သမဘာဏ်မှ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေရရှိသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို နည်းပညာမရှိခြင်းနှင့် နေရာအခက်အခဲကြောင့် တိုးချဲ့လုပ်ကိုင်ရန် ခက်ခဲပါသည်။

ညောင်ပင်တဲကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်း မရှိသဖြင့် ကျေးရွာတွင် အလုပ်အကိုင်နှင့် ဝင်ငွေ ပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ အတတ်ပညာ၊ အသိပညာ အထိအတွေ့တို့ အလွန်အားနည်းပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင်းရှိလမ်းများအား ရာသီမရွေးသွားလာနိုင်သောလမ်းများ အဖြစ် ဆောင်ရွက်သွားမည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင် မီးလင်းရန်အတွက် မီးရရှိအောင် ဆောင်ရွက်သွားမည်။

က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင် ကျန်းမာရေး ဆရာ/ဆရာမများ ရရှိအောင် ဆောင်ရွက် သွားမည်။

က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ရရှိအောင် ဆောင်ရွက် သွားမည်။

က.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင်းလမ်းသွယ်များ ကောင်းမွန်အောင် ရာသီမရွေး သွားလာ နိုင်သော လမ်းများဖြစ်အောင် ဆောင်ရွက်သွားမည်။

က.၆) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျောင်းစာသင်ကျောင်းဆောင် တည်ဆောက်ရန်အတွက် စာသင် ကျောင်းဆောင်ရရှိအောင် ဆောင်ရွက်သွားမည်။

က.၇) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင် အသိပညာဗဟုသုတများ တိုးပွားလာစေရန်အတွက် ကျောင်းစာကြည့်တိုက်ရရှိအောင် ဆောင်ရွက်သွားမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်းရှိ ရွာတွင်းလမ်းများအား ဂျင်းလမ်းအဖြစ်အဆင့်မြှင့်တင်၍ ရာသီမရွေး သွားလာနိုင်သော လမ်းများ အဖြစ်ဆောင်ရွက်သွားမည်။

က.၂) ကျေးရွာတွင် လူနေမှုအဆင့်အတန်းမြင့်မားပြီး ကျောင်းသားကျောင်းသူများ အဆင်ပြေစွာ ကျောင်းစာများ လေ့လာနိုင်ရန်အတွက် မီးရရှိအောင် ဆောင်ရွက်သွားမည်။

က.၃) ကျေးရွာတွင် ဆေးပေးခန်းရှိပြီးဖြစ်၍ ကျန်းမာရေး စောင့်ရှောက်မှုရှိစေရန်နှင့် ဆေးကုသမှု လွယ်ကူစွာရရှိစေရန် ကျန်းမာရေး ဆရာ/ဆရာမများ ရရှိ အောင် ဆောင်ရွက်သွားမည်။

က.၄) ကျေးရွာတွင် ကျန်းမာသန့်ရှင်းသော သောက်သုံးရေလုံလောက်စွာ ရရှိရန်အတွက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းရရှိအောင် ဆောင်ရွက်သွားမည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ပြီး သောက်သုံးရေ လုံလောက်စွာရရှိရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

က.၅) ကျေးရွာတွင် ရွာတွင်းလမ်းသွယ်များ ကောင်းမွန်အောင် ရာသီမရွေး သွားလာနိုင်သော လမ်းများဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

က.၆) ကျေးရွာတွင် စာသင်ကျောင်းဆောင် တည်ဆောက်ရန်အတွက် စာသင်ကျောင်းဆောင်ရရှိအောင် ဆောင်ရွက်သွားမည်။ မြို့နယ်ပညာရေးမှူးရုံးဖြင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

က.၇) ကျေးရွာတွင် ကျေးရွာသား/သူများ လူနေမှုအဆင့်အတန်းမြင့်မားစေရန်နှင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန်အတွက် ကျောင်းစာကြည့်တိုက်ရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်သည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

နိုင်ငံတော်၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများ အနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ် ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလ အတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက် ပမာဏ

ပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။ နှစ်စဉ်ကျေးရွာ ရန်ပုံငွေ တင်ပြတောင်းဆိုခြင်း အစီအစဉ် (AVIP) ကိုလည်း တင်ပြတောင်ခံသွားမည်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊

ကျေးရွာတွင် ယာမြေများတွင် ပဲဇဉ်းငုံ၊ ဝါ၊ ကုလားပဲ တို့ကို စိုက်ပျိုးကြသည်။ ယာခင်းများတွင် ရေတွင်းများတူးကာ ခရမ်းသီး နှင့် ခရမ်းချဉ် အား အနည်းငယ်စိုက်ပျိုးကြပြီး ကွမ်းခြံအများဆုံး စိုက်ပျိုးကြပါသည်။ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် မိရိုးဖလာနည်းကိုသာ အသုံးပြုကြပါသည်။ နည်းပညာ အသုံးပြုပုံများ အပါအဝင် မျိုးကောင်းမျိုးသန့် အသုံးပြုရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်သင့်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ လယ်သမားများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်လျက် ရှိပါသည်။ ကျေးရွာတွင် သမဝါယမအသင်းအဖွဲ့အစည်းမှ ချေးငွေရရှိသော်လည်း ချေးငွေလိုအပ်ကာ ကျေးရွာသားများအတွက် ပိုမိုကောင်းမွန်သော ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

(ဃ) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျွန်တော်တို့ကျေးရွာမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပ အခြားမည်သည့် အလုပ်အကိုင်မှ မတွေ့ရသေးပါ။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဆိုင်ကယ်၊ကား စသည့် စက်ပြင်သင်တန်း၊ အပ်ချုပ်သင်တန်း၊ လက်သမား၊ပန်ရံသင်တန်း အစရှိသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို တစ်နှစ်ပတ်လုံး ဝန်ဆောင်ဆောင်မှု ပေးနိုင်အောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထား နားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုမှ ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလနှင့် ဖော်ထုတ်ဦးစားပေး တန်းစီခဲ့ကြသည့် စီမံချက်များသည် အလုံးစုံ ပြည့်စုံမှုမရှိနိုင်ပါ။ ဆိုလိုသည်မှာ ကျေးရွာလူထုသည် ဤသို့ မျှော်မှန်းရေးဆွဲထားပြီးသော်လည်း ငါးနှစ်တာကာလ တစ်လျှောက်လုံး တွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ထပ်မံဖော်ထုတ်သွားကြမည်ဖြစ်ပါသည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ် ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ကို ဆောင်ရွက်သွားကြပါမည်။

(ခ)ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များ စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် အတွက် လုပ်ငန်းဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစသည်ဖြင့် အခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံသောစီမံကိန်းအုပ်စု(Functional classification) သတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် မည်သို့ဆောင်ရွက်ရမည်ကိုသိရှိနားလည် စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံသောအုပ်စု (Economic classification) သတ်မှတ် ခြင်းသည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုး ဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှု တို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံသော စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများကယင်း တို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံသော စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး

အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်ပေါင်း	အဆင့်	ရှင်းလင်းဖော်ပြချက်	မှတ်ချက်
ရေပေးရေး	စက်ရေတွင်းတူးဖော်ခြင်း။	၈၅	၄	ကျေးရွာတွင် စက်ရေတွင်း တစ်တွင်း ထပ်မံ လိုအပ်ပါသည်။ စက်ရေတွင်း အား ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန ထံသို့ အကူအညီ တောင်းခံကာ စက်ရေတွင်းရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။	
အခြေခံအဆောက်အဦ	ကျောင်းစာကြည့်တိုက် တည်ဆောက်ခြင်း	၇၀	၇	စာအုပ်စာပေမရှိခြင်း၊ စာဖတ် နိုင်သည့် အခွင့်အလမ်းမရှိခြင်းကြောင့် ကျေးရွာ တွင် ကျောင်း စာကြည့်တိုက် တည်ဆောက်ရန် ကုန်ကျမည့် ကုန်ကျ စရိတ်ကို သက်ဆိုင်ရာသို့ တင်ပြ တောင်းခံသွားမည်။	
ကျန်းမာရေး	ကျန်းမာရေး ဆရာ/ဆရာမ တင်ပြတောင်းခံခြင်း	၈၇	၃	ကျေးရွာတွင် ဆေးပေးခန်း ရှိသော်လည်း ဆေးကုသမှုရရှိရန် အတွက် ကျန်းမာရေး ဆရာ/ဆရာမ ရရှိအောင် မြို့နယ် ကျန်းမာ ရေးဌာနသို့ တင်ပြတောင်းခံသွားမည်။	
ပညာရေး	စာသင်ကျောင်းဆောင် ဆောက်လုပ်ပေးခြင်း	၇၄	၆	ကျေးရွာတွင် ကျောင်းသားလူဦးရေ များပြားခြင်းကြောင့် ကျောင်းသားများ စာသင်ရာတွင် နေရာခက်ခဲရှိသဖြင့် နောက်ထပ် ကျောင်းဆောင်သစ်တစ်ခု	

				ဆောက်လုပ်ပေးရန် မြို့နယ်ပညာရေးမှူးရုံးနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	
လမ်း/တံတား	လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရေး	၁၀၈	၁	ညောင်ပင်တဲကျေးရွာ ရွာအဝင် လမ်းသည် မိုးရာသီတွင် ရေဝပ်ခြင်း၊ လမ်းချော်ကာ သွားလာရ ခက်ခဲ ပါသည်။ ထို့ကြောင့်လမ်းအား ကျင်းလမ်းခင်းခြင်းလုပ်ငန်း ရရှိအောင် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီက ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းပြီး ကျေးရွာကို အစည်းအဝေးခေါ်ယူကာ ကျေးရွာအဝင်လမ်းများ ပိုမို ကောင်းမွန်အောင် ပြုပြင်ခြင်းကို လုပ်ဆောင်လိုသည့်လုပ်ငန်းရပ်ဖြစ်သည်။	
	ကျေးရွာတွင်းလမ်းသွယ်များ ကောင်းမွန်လာစေရေး	၇၈	၅	ကျေးရွာတွင် လမ်းသွယ်လမ်းများ ရာသီမရွေးသွားလာနိုင်ရန် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ပါသည်။	
မီးလင်းရေး	ကျေးရွာမီးရရှိအောင် ဒိုင်နမိုဝယ်ယူလိုခြင်း	၉၂	၂	ကျေးရွာတွင် မီးကြိုး၊မီးတိုင်များ သွယ်တန်းပြီးဖြစ်သော်လည်း မီးမလင်းပါ။ ထို့ကြောင့် မီးရရှိရန် ဒိုင်နမိုရရှိအောင် သက်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။	

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ်ပြုပြင် ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	ကျေးရွာအဝင်လမ်းအား မြေသားလမ်းမှ ကျင်းလမ်းခင်းခြင်း	၁	√				
၂	မီးစက်မှ မီးရရှိရန် ဒိုင်နမိုတပ်ဆင်ခြင်း	၂	√				
၃	ကျန်းမာရေးဆရာ/ဆရာမ တင်ပြတောင်းခံခြင်း	၃	√				
၄	စက်ရေတွင်းတူးဖော်ခြင်း	၄		√			
၅	ကျေးရွာအတွင်းလမ်းသွယ် အဆင့်မြှင့်တင်ခြင်း	၅			√		
၆	စာသင်ကျောင်းတည်ဆောက်ခြင်း	၆				√	
၇	ကျောင်းစာကြည့်တိုက်ဆောက်လုပ်ခြင်း	၇					√

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်း

ဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	ကျေးရွာအဝင်လမ်းအား မြေသားလမ်းမှ ဂျင်းလမ်းခင်းခြင်း			√		
၂	မီးစက်မှ မီးရရှိရန် ဒိုင်နမိုတပ်ဆင်ခြင်း			√		
၃	ကျန်းမာရေးဆရာ/ဆရာမ တင်ပြတောင်းခံခြင်း			√		
၄	စက်ရေတွင်းတူးဖော်ခြင်း			√		
၅	ကျေးရွာအတွင်းလမ်းသွယ် အဆင့်မြှင့်တင်ခြင်း			√		
၆	စာသင်ကျောင်းတည်ဆောက်ခြင်း			√		
၇	ကျောင်းစာကြည့်တိုက်ဆောက်လုပ်ခြင်း			√		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးသည် ကျေးရွာတွင်တာဝန်ရှိပါသည်။

(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။

